မေးခွန်း –          အောက်ပါ ကျမ်းချက်များအရ၊ ဘာလုပ်ရမည်နည်း။ ဘာဖြစ်လာ မည်နည်း။ “ထိုသူကို လက်ခံသမျှသော သူတို့အား ဘုရားသခင်၏သား ဖြစ်ရသောအခွင့်ကို ပေးတော်မူ၏” (ရှင်ယောဟန်၊ ၁း၁၂)။
“ထာဝရဘုရားကို ပဌနာပြုသောသူ ရှိသမျှတို့သည် ကယ်တင်တော်မူခြင်းသို့ ရောက်ရကြလတ္တံ့” (ရောမ၊ ၁၀း၁၃)။
“သားတော်ကို ရသောသူသည် အသက်ကိုရ၏ သားတော်ကို မရသောသူမူကား အသက်ကိုမရ (၁ယောဟန်၊ ၅း၁၂)။
“သားတော်ကို ယုံကြည်သော သင်တို့သည် ထာဝရအသက်ကို ကိုယ်တိုင်ရသည်ဟု သိစေရန် ဤအရာများ (သမ္မာကျမ်းစာ)ကို ရေးထား၏” (၁ယောဟန်၊ ၅း၁၃)။




ယေရှုက၊ “ငါ အမှန်အကန်ဆိုသည်ကား၊ငါ့စကားကို နားထောင်၍ ငါ့ကို စေလွှတ်တော်မူသော သူကို ယုံကြည်သော သူသည် ထာဝရအသက်ကို ရသည်ဖြစ်၍ အပြစ်စီရင်ခြင်းကို မခံရ။ သေခြင်းမှ အသက်ရှင်ခြင်းသို့ ကူး မြောက်သော သူဖြစ်၏” (ရှင်ယောဟန်၊ ၅း၂၄)

**သင့်မှာ** ရွေးချယ်ပိုင့်ခွင့် ရှိသည် – ယေရှုခရစ်တော်ကို သင့်ရဲ့ ကယ်တင်ပိုင်ရှင်အဖြစ် လက်ခံယုံကြည်ပြီး ထာဝရအသက်ကို အခု ရယူလိုက်ပါ။ ဘုရားသခင်ကို ဒီလိုပြောပြပါ–––

* အနန္တတန်ခိုးရှင်ကြီးမြတ်သောဘုရား၊ အကျွန်ုပ်သည် ကာယကံ၊ ဝစီကံ၊ မနောကံ၊ ကံသုံးပါးအားဖြင့် ကိုယ်တော်ကို ပြစ်မှားသောသူ ဖြစ်ပါ၏။ အကျွန်ုပ်အပြစ်ကြောင့် ဝမ်းနည်းကြေကွဲလျက် ရှိပါ၏။ ယေရှုဘုရား၊ အကျွန်ုပ်အပြစ်ကို ခွင့်လွှတ်ပေးသနားတော်မူပါ။
* ယခု ယေရှုခရစ်တော်ကို အကျွန်ုပ်၏ကယ်တင်ပိုင်ရှင်နှင့် ဘုရားသခင်အဖြစ် အကျွန်ုပ် လက်ခံပါ၏။ ယခု ကိုယ်တော့်ကို ခေါ်လျက်နေပါ၏။ အကျွန်ုပ်ကို အပြစ်နှင့် ငရဲမီးအိုင်ထဲမှ ကယ်နုတ်တော်မူပါ။ ထာဝရအသက်ကို ယခု အကျွန်ုပ်အား ပေးသနားတော်မူပါ။
* အကျွန်ုပ်၏ဘုရားသခင်၊ အကျွန်ုပ်၏ မိတ်ဆွေနှင့် အကျွန်ုပ်၏ ကယ်တင်ပိုင်ရှင်အဖြစ် အကျွန်ုပ်အထဲမှာ ဝင်ရောက် ကိန်းဝပ်တော်မူပါ။ အကျွန်ုပ်ဘဝတစ်ခုလုံးနှင့် နှလုံးသားတံခါးကို ကိုယ်တော့် အတွက် ယခုဖွင့်ပေးပါ၏ – ယေရှုနာမ၌၊ အာမင်။

ယေရှုက၊ “ထာဝရအသက်ကို ငါပေး၏ သူတို့သည် ပျက်စီးခြင်းနှင့် အစဉ်မပြတ် ကင်းလွှတ်ကြလိမ့်မည်” (ယောဟန်၊ ၁၀း၂၈)။
“ငါသည် အသက်ရှင်သောကြောင့် သင်တို့သည်လည်း အသက်ရှင်ရကြလိမ့်မည်” (ယောဟန်၊ ၁၄း၁၉)။

မူပိုင် - Pastor Keith Piper,    ဆက်သွယ်ရန် - Jehoshaphat Sianghlawnhum (ကိုရှန်း)၊
ဖုန်း – ၀၉၄၅၁၃၆၉၃၃၈၃၊ ၀၉၉၇၃၆၇၉၁၁၂၊ Email - sianghlawnhum@gmail. com

**အသင်းတော်အတွင်း ကန့်သတ်၊ ဓမ္မဒါန**

# ရပ်လော့ !

## သင် သေပြီးနောက် ဘယ်နေရာသွားမလဲ၊ သေချာစဉ်းစားပါ။



# ဘုရားသခင်၏ ဆုကျေးဇူးတော်ကား ထာဝရအသက်ပေတည်း။

## ထိုဆုကျေးဇူးကို သင် လက်ခံရရှိပြီလား။

“ဝန်လေး၍ ပင်ပန်းသောသူအပေါင်းတို့၊ ငါ့ထံသို့ လာကြလော့။ ငါသည် ချမ်းသာပေးမည်” (ရှင်မဿဲ၊ ၁၁း၂၈)။ “တွေ့နိုင်သည့်ကာလတွင် ထာဝရဘုရားကို ရှာကြလော့။ နီးတော်မူသည့်ကာလတွင် ဆုတောင်းပဌနာပြုကြလော့။ ဆိုးသောသူသည် မိမိလမ်းကို၄င်း၊ မတရားသောသူသည် မိမိအကြံတို့ကို၄င်း စွန့်ပစ်၍ ထာဝရဘုရားထံတော်သို့ ပြောင်းလဲပါစေ။ သို့ပြုလျှင် သနားတော်မူ လိမ့်မည်။ ငါတို့ ဘုရားသခင်ထံတော်သို့ ပြောင်းလဲပါစေ။ သို့ပြုလျှင် အထူးသဖြင့် အပြစ်ကို လွှတ်တော်မူလိမ့်မည်” (ဟေရှာယ၊ ၅၅း၆၊၇)။

# ထာဝရအသက် ရရှိကြောင်း ဘယ်လို သေချာ သိနိုင်မလဲ။
## အချက်(၄)ချက် သိရှိဖို့လိုတယ်။

၁။ အခြားဘုရား မကိုးကွယ်ရ။
၂။ ရုပ်တုဆင်းတု မပြုလုပ်ရ။
၃။ ဘုရားသခင်၏ နာမတော် ကို အလွဲမသုံးရ။
၄။ ဥပုသ်နေ့ကို သန့်ရှင်း စေပါ။
၅။ မိဘကို ရိုသေစွာပြုလော့။

၆။ လူ့အသက် မသတ်နဲ့။
၇။ သူ့မယား မပြစ်မှားနဲ့။
၈။ သူ့ဥစ္စာ မခိုးနဲ့။
၉။ မုသာမပြောနဲ့။
၁၀။ သူ့ဥစ္စာ မတပ်မက်နဲ့။

## ၁။ လူသားအားလုံး အပြစ်ကျူးလွန်ကြသည်

"လူအပေါင်းတို့သည် ဒုစရိုက်ကိုပြု၍ ဘုရားသခင် ရှေ့တော်၌ အသရေပျက်ကြပြီ" (ရောမ၊ ၃း၂၃)။ **အပြစ်သည်– – –**



မိမိကိုယ်ကို ပဓာနထားခြင်း



ဘုရားသခင်နှင့် အဆက်ပြတ်၊ ခွဲခွာခြင်း



ဘုရားသခင်၏ စုံလင်ခြင်း စံနှုန်းကိုမမှီဘဲ ကျရှုံးခြင်း

အပြစ်သည် ဘုရားသခင်၏ ပညတ်တော် (သမ္မာကျမ်းစာ) ကို မနာခံခြင်းဖြစ်သည်။

* ဘုရားသခင်၏ သန့်ရှင်းစုံလင်ခြင်းနှင့် နှိုင်းယှဉ်သော် လူသားအားလုံးသည် ကြီးလေးသော အပြစ်သားများ ဖြစ်ကြသည်။

မေးခွန်း (၁) ။ သမ္မာကျမ်းစာ ပြောပြသော ဘုရားကို သင်၏ဘုရားဖြစ်စေ လိုသလား။

မေးခွန်း (၂) ။ သင့်အပြစ်ကို စွန့်လွှတ်ပြီး ဘုရားသခင်ထံ တိုးဝင်လိုသလား (နောင်တရခြင်း)

## ၂။ အပြစ်ကြောင့်ခံရမည့် ပြစ်ဒဏ်သည် သေခြင်းဖြစ်သည်

"အပြစ်တရား၏အခကား သေခြင်းပေတည်း။ ဘုရားသခင် ပေးတော်မူသာဆုကျေးဇူးတော်ကား ငါတို့သခင်ယေရှုခရစ်အားဖြင့် ထာဝရအသက် ပေတည်း" (ရောမ၊ ၆း၂၃)။ "ထိုအခါ မရဏာနှင့် မရဏာနိုင်ငံကို မီးအိုင်ထဲသို့ချပစ်လေ၏။ ထိုသေခြင်းကား ဒုတိယသေခြင်း ဖြစ်သတည်း" (ဗျာဒိတ်၊ ၂၀း၁၄)

**ရှင်းပြချက် ။** ပညတ်တရားအရ လူသားအားလုံးသည်အပြစ်ကျူးလွန်သောကြောင့် သေခြင်းနှင့် ငရဲမီးအိုင်ကစောင့်ကြိုနေသည်။ ယင်းသည် သတင်းဆိုးဖြစ်သည်။ ဘယ်သူမှ ငရဲမီးအိုင်ထဲ မသွားချင်ကြပါ။ လွတ်မြောက်ရာလမ်း ရှိပါ့မလား။ ရှိပါတယ်။ ကောင်းမှုကုသိုလ်နှင့် ဘာသာတရားကျင့်ကြံအားထုတ်ခြင်းအားဖြင့် မဟုတ်ဘဲ၊ ယေရှုခရစ်အားဖြင့် ဘုရားသခင်သည် လူသားတို့ကို ထာဝရအသက်ဆုကျေးဇူးကို အခမဲ့ပေးနေသည်။ "ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ ရောက်ရ၏။ ကိုယ်အလိုအလျောက် ရောက်သည်မဟုတ်။ ဘုရားသခင် သနားတော်မူရာဖြစ်သတည်း။ ကိုယ်ကုသိုလ်ကြောင့် ကယ်တင်တော်မူခြင်းသို့ ရောက်သည်မဟုတ်။" (ဧဖက်၊ ၂း၈–၉)။ ဆုကျေးဇူးသည် အခမဲ့ပေးသောလက်ဆောင် ဖြစ်သည်။ လက်ခံရယူဖို့သာဖြစ်သည်။ ထာဝရအသက်ဆိုသည်မှာ ယခုဘဝတွင် ဘုရားသခင်ကို ကိုယ်တိုင်သိကျွမ်းခြင်းနှင့် သေပြီးနောက် ကောင်းကင်နိုင်ငံ ဝင်စားခြင်းဖြစ်သည်။ ထို့ကြောင့်၊ ပညတ်တရားအရ ငရဲမီးအိုင်ထဲသို့ ကျသင့်သောသူများဖြစ်သော်လည်း ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကြောင့် ကောင်းကင်နိုင်ငံ ဝင်စားခွင့်ရှိကြသည်။ ဘုရားသခင်သည် ငါတို့အပြစ်များကို ခွင့်လွှတ်ပြီး ထာဝရအသက်ကို အခမဲ့ ပေးသည်။

**သေခြင်းဆိုသည်မှာ**







## ၃။ ယေရှုခရစ်တော်က အပြစ်ဒဏ်အားလုံး ခံယူခဲ့ပြီ

"ငါတို့သည် အပြစ်ရှိစဉ်ပင် ခရစ်တော်သည် ငါတို့အတွက်ကြောင့် အသေခံတော်မူသည်ဖြစ်၍၊ ဘုရားသခင်သည် ငါတို့ကို အဘယ်မျှလောက် ချစ်တော်မူသည်ကို ငါတို့အား ထင်ရှားစွာ ပြတော်မူ၏" (ရောမ၊ ၅း၈)။

ယေရှုခရစ်သည် အပြစ်သားအားလုံး၏ ကယ်တင်ရှင်ဖြစ်သည်။ ယခုပင် သင့်ကို ကယ်တင်နိုင်သော အရှင်ဖြစ်သည်။




ဘုရားသခင်သည် လူသားအားလုံး၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် အပြစ် ရှိရှိသမျှကို ယူပစ်ပြီး ခရစ်တော်အပေါ်၌ တင်ခဲ့သည်။ 'ငါတို့ရှိသမျှသည် လမ်းလွဲလျက်၊ ကိုယ်လမ်းသို့ အသီးသီး လိုက်သွားကြသည်ဖြစ်၍၊ ထာဝရဘုရားသည် ခပ်သိမ်းသော ငါတို့၏ အပြစ်များကို သူ့အပေါ်၌ တင်တော်မူ၏ ။ (ဟေရှာယ၊ ၅၃း၆)။

ငရဲမီးအိုင်ထဲ၌ ထာဝရပြစ်ဒဏ်ခံရမည့် အပြစ်သားများ ကိုယ်စား လက်ဝါးကပ်တိုင်ပေါ်မှာအသေခံခြင်းအားဖြင့် ပြစ်ဒဏ်အားလုံးကို ယေရှုခရစ်တော်က ခံယူခဲ့သည်။ 'ထိုသူ (ယေရှုခရစ်တော်)သည် ငါတို့ လွန်ကျူးခြင်းအပြစ်များကြောင့်၊ နာကျင်စွာထိုးခြင်း၊ နှိပ်စက်ခြင်းကို ခံရလေ၏' (ဟေရှာယ၊ ၅၃း၅)။

ယခု ယေရှုခရစ်တော်သည် လူသားအားလုံး၏ ကယ်တင်ရှင် ဖြစ်သည်။
ယခု လူသားအားလုံးအတွက် ကောင်းကင်နိုင်ငံ တံခါးဖွင့်လျက် ရှိသည်။
သို့သော်၊ ကောင်းကင်နိုင်ငံသို့ ဘယ်လို ဝင်ရမည်နည်း။

## ၄။ လက်ခံယုံကြည်ခြင်း

က ။ ယေရှုခရစ်တော်သည်

* ဘုရားသခင်၏သားတော် ဖြစ်ကြောင်း၊
* အပြစ်သားအားလုံး ကိုယ်စားအသေခံပြီးဖြစ်ကြောင်း (အပြစ်၏အခ သေခြင်း)
* သေခြင်းမှ ကိုယ်ခန္ဓာအားဖြင့် ထမြောက်ပြီး အသက်ရှင်သော ဘုရား ဖြစ်ကြောင်းကို ယုံကြည်ပြီး၊

ခ ။ ယေရှုခရစ်တော်ကို မိမိ၏ ကယ်တင်ရှင်သခင်အဖြစ် လက်ခံသောသူ ရှိသမျှတို့သည် ယခုပင် အပြစ်ခွင့်လွှတ်ခြင်းနှင့် ထာဝရအသက်ကို အခမဲ့ ရရှိကြသည်။ ကောင်းမှုကုသိုလ်နှင့် ဘာသာတရားကျင့်ကြံအားထုတ်ခြင်းကြောင့်မဟုတ်ဘဲ၊ ယေရှုခရစ်တော်ကို ယုံကြည်ကိုးစားခြင်းကြောင့် အပြစ်ခွင့်လွှတ်ခြင်း၊ ထာဝရအသက်နှင့် ကောင်းကင်နိုင်ငံ ဝင်စားခွင့် ရရှိခြင်းဖြစ်သည်။









ဤအရာများ မှန်ကန်ကြောင်း သမ္မာကျမ်းစာထဲမှ ဘုရားသခင်၏ ဂတိတော်စကားများအားဖြင့် သေချာ သိရှိနိုင်သည်။